# ရာသီအလိုက် ဖျားနာမှုကို ကာကွယ်ခြင်း

**COVID၊ တုပ်ကွေး** နှင့် **RSV** ရောဂါကူးစက်မှုများ ပျံ့နှံ့နေကြပါသည်။ ကပ်ရောဂါကာလအတွင်း ကျွန်ုပ်တို့ လုပ်ဆောင်နေသော အဆင့်များမှာ ဤဖျားနာမှုများကို အကောင်းဆုံး တားဆီးကာကွယ်နည်း ဖြစ်ပါသည်။

## နေ့စဉ် ဖျားနာမှုကို ကာကွယ်ခြင်း

- သင်နေထိုင်မကောင်းသည့်အခါ အိမ်တွင်နေပါ။ ဖျားနာနေသည့် လူများအနီး နေခြင်းကို ရှောင်ပါ။
- လက္ခဏာရပ်များကို စောင့်ကြည့်နေပါ၊ အထူးသဖြင့် ဖျားနာနေသူအနီးတွင် သင်ရှိနေခဲ့လျှင် ဖြစ်သည်။
- မကြာခဏ လက်များ ဆေးကြောပါ။
- တံခါးလက်ကိုင်ဘုများ၊ ဖုန်းများနှင့် တီဗွီရီမုဒ်များကဲ့သို့ အထိအတွေ့များသော မျက်နှာပြင်များကို သန့်ရှင်း၍ ပိုးသတ်ပါ။
- သင့်တွင် COVID-19 ရောဂါလက္ခဏာများ ရှိနေပါက စစ်ဆေးမှု ခံယူပါ။
- နှစ်စဉ် တုပ်ကွေးဆေးထိုးပါ။ COVID-19 ဆေးများနှင့် ဆေးရှိန်မပျက် ဘူစတာဆေးတို့ကို အကြံပြုသည့်အတိုင်း ထိုးပါ။

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖျားနာသည့် ရာသီအတွင်း

အခြေခံလုပ်ဆောင်ချက်များမှာ ကလေးများကို ကျောင်းတွင် ထားရှိခြင်း၊ အလုပ်သို့ သို့မဟုတ် အစည်းအဝေးများသို့ မလာခြင်းဖြင့် တားဆီးကာကွယ်ခြင်းနှင့် ဆေးရုံ လုပ်ငန်းဆောင်ရွက်မှုများ ပို၍ အဆင်ပြေ ချောမွေ့နေစေခြင်းတွင် ကူညီနိုင်ပါသည် -



- ိမ်တွင်း သို့မဟုတ် လူထူထပ်သည့် နေရာများတွင် နှာခေါင်းစည်းတပ်ပါ။
- ပြင်းထန်သည့် ရောဂါအတွက် ဘေးအန္တရာယ် ပိုမြင့်မားသော လူများထံ သွားရောက်လည်ပတ်မှုကို နှောင့်နှေးပါ။ သို့မဟုတ် ထိုသူတို့အနီး သင်ရှိသည့်အခါ နှာခေါင်းစည်းနှင့် လူချဲနေခြင်း ကဲ့သို့သော ကာကွယ်မှုများ ပိုမိုရယူပါ။
- လူနည်းနည်း အိမ်အပြင်ဘက် စုဝေးမှုများ ပြုလုပ်ပါ။
- လေဝင်လေထွက် ပိုမိုကောင်းမွန်စေရန် ပြတင်းပေါက်များနှင့် တံခါးများ ဖွင့်ပါ။

| | COVID | တုပ်ကွေး | RSV |
|---|---|---|---|
| လမေ့တဆင့် အလွယ်တကူ ပျံ့နှံ့စေသည် | √ | | |
| လူတစ်ဦး၏ နှာခေါင်း သို့မဟုတ် ပါးစပ်မှ ချွဲ သလိပ် အစက်ကလေးများမှတဆင့် ပျံ့နှံ့စေသည် | √ | √ | √ |
| မာကြောပြီး ချောမွေ့သော မျက်နှာပြင်များတွင် ရှင်သန်နိုင်ပြီး အဆိုပါ မျက်နှာပြင်များကို ထိတွေ့ခြင်းဖြင့် ပျံ့နှံ့စေနိုင်သည် | | √ | √ |
| ကာကွယ်ဆေး ရရှိနိုင်ပါသည် | √ | √ | |
| **ကိုယ်ဝန်ဆောင်၊** သက်ကြီးရွယ်အိုများနှင့် **ကိုယ်ခံအား အလွန်နည်း**သူများ **အတွက် ဘေးအန္တရာယ်** ပိုမိုမြင့်မားနိုင်သည် | √ | √ | √ |
| **မွေးကင်းစ ကလေးများနှင့် ကလေးငယ်များ အတွက် ဘေးအန္တရာယ် ပိုမိုမြင့်မားနိုင်သည်** | | √ | √ |

## သင်သည် ပြင်းထန်သည့် COVID-19၊ တုပ်ကွေး သို့မဟုတ် RSV အတွက် ဘေးအန္တရာယ် ပိုမြင့်မားပါက

သင့်ကို ကျန်းမာရေး ဝန်ဆောင်မှုပေးသူနှင့် ဆက်သွယ်နေပါ။
သင့်ထံတွင် ကျန်းမာရေး ဝန်ဆောင်မှုပေးသူ တစ်ဦးမရှိပါက ကူညီရှာဖွေပေးရန်အတွက် **211** ကို ဖုန်းခေါ်ပါ။ နှာခေါင်းစည်း တပ်ရန် သို့မဟုတ် အခြားကိုတွင်ကာကွယ်မှုများ ပြုလုပ်ရန် သင်၏ ကျန်းမာရေး ဝန်ဆောင်မှုပေးသူက အကြံပြုနိုင်ပါသည်။ သင်ဖျားနာလျှင် စမ်းသပ်မှု သို့မဟုတ် ကုသမှု ခံယူရန် လိုအပ်ပါက ထိုသူတို့က သင်ဆုံးဖြတ်နိုင်အောင် ကူညီပေးနိုင်ပါသည်။

**သင်ဖျားနာပါက လုပ်ဆောင်ရမည့်အရာ အတွက် အခြားတစ်ဖက်ကို ကြည့်ပါ။**

## သင်ဖျားနာပါက

လူအများစုသည် ဤအသက်ရှူလမ်းကြောင်း ဖျားနာမှုများမှ ၎င်းတို့ဘာသာ ပြန်လည်ကောင်းမွန်လာပါသည်။ အိမ်တွင် နေပြီးပိုမိုကောင်းမွန်စေရန် အများအားဖြင့် သင်လုပ်ဆောင်သည့် အရာများကို လုပ်ပါ- အိပ်ခြင်း၊ အနားယူခြင်း၊ အရည်များများ သောက်ခြင်း။

## သင် သို့မဟုတ် သင်၏ကလေးသည် ဤပြင်းထန်သည့် လက္ခဏာရပ်များ ရှိပါက 911 ကို ခေါ်ပါ -

- အသက်ရှူရခက်ခြင်း
- ရင်ဘတ် သို့မဟုတ် ဗိုက်တွင် အောင့်ခြင်း သို့မဟုတ် ဖိထား သလိုဖြစ်နေခြင်း
- အရည်မသောက်နိုင်ခြင်း သို့မဟုတ် အရည်မမျိုနိုင်ခြင်း
- မူးဝေခြင်း သို့မဟုတ် မထနိုင်ခြင်း
- နှုတ်ခမ်းများ သို့မဟုတ် မျက်နှာတွင် အပြာရောင် သို့မဟုတ် မီးခိုးရောင် သမ်းခြင်း



## သင်ဖျားနာသော်လည်း အခြားသူများအနီး မဖြစ်မနေ ရှိနေရပါက

- သင့်နှာခေါင်းနှင့် ပါးစပ်နှင့် ကောင်းစွာ သင့်လျော်သည့် နှာခေါင်းစည်း တပ်ပါ။
- လက်ကို မကြာခဏ ဆေးကြောပါ၊ အထူးသဖြင့် သင်နှာချေပြီး နောက်တွင် ဖြစ်သည်။
- တစ်ရှူး သို့မဟုတ် အင်္ကျီလက်ထဲတွင် ကာ၍ ချောင်းဆိုးပါ။
- တတ်နိုင်ပါက အခြားသူများနှင့် ခပ်လှမ်းလှမ်းတွင် နေပါ။
- အခြားသူများအနီး အခန်းလေဝင်လေထွက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပါ။ ဥပမာ ပြတင်းပေါက် ဖွင့်ထားခြင်းဖြင့်။

## အခြားသူများအနီးတွင် သင်သည် မည်သည့်အချိန်တွင် ရှိနိုင်သနည်း။

လူများသည် အများအားဖြင့် အောက်ပါတို့ ပြည့်စုံသည့်အခါ အလုပ်၊ ကျောင်းမှ ပြန်လာခြင်းနှင့် အခြား လုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါသည်။

- ၎င်းတို့သည် အဖျားလျော့ကျစေသည့် ဆေးများ အသုံးမပြုဘဲ အနည်းဆုံး ၂၄ နာရီကြာအောင် အဖျားမရှိခဲ့ပါ၊ **နှင့်**
- ၎င်းတို့၏ လက္ခဏာရပ်များသည် သချောပေါက် ပိုမိုကောင်းမွန်သည်၊ **နှင့်**
- ၎င်းတို့သည် ကောင်းစွာ စားသောက်နေကြသည်၊ **နှင့်**
- ၎င်းတို့သည် လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်နိုင်လောက်အောင် ၎င်းတို့၏ နှာရည်ယိုခြင်းနှင့် ချောင်းဆိုးခြင်းသည် သိမ်မွေ့ပြီး၊ ၎င်းတို့၏ လက်များကို အမြဲသန့်ရှင်းနေသည်။

**သင်၏ နှာရည်ယိုခြင်းနှင့် ချောင်းဆိုးခြင်းများ မရှိတော့သည့်တိုင်အောင် အခြားသူများအနီးတွင် နှာခေါင်းစည်း တပ်ထားရန် ထည့်သွင်းစဉ်းစားပါ။**